# နိုင်ငံခြားသို့ထွက်ခွာအလုပ်လုပ်ကိုင်ချင်သော လူငယ်များနှင့် မိဘများသို့

ကျွန်တော်ကတော့ဂျပန်ရောက်ဗမာပြည်သားတဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ကြာသာပတေးနေ့ ခေတ်အမြင် ခေတ်အရေး ကဏ္ဍ မှာ စင်ကာပူ နိုင်ငံမှ မခင်ချိုဦး အကြောင်းကို နားထောင်ပြီး အခုစာကို ရေးလိုက်ရပါတယ်။

ကျွန်တော်အနေနဲ့ ဂျပန်၊ကိုရီးယား ကိုရောက်လာကြတဲ့မြန်မာလူငယ်လေးများအကြောင်းကို မေးမြန်းထားချက်ကိုပြောပြချင်ပါတယ်။ အခုမြန်မာနိုင်ငံမှာ စီးပွားရေး၊လူမှုရေး၊ပညာရေး အဆင်မပြေကြလို့ မြန်မာလူမျိုးတွေ အမျိုးသား၊ အမျိုးသမီး၊ လူကြီး လူငယ်မရွေး ရှိတာကိုပေါင်နှံ၊ချေးငှားပြီး နိုင်ငံခြားကို ဖြစ်တဲ့နည်းမျိုးစုံနဲ့ သွားရောက် အလုပ်လုပ်ကိုင်နေကြတာတွေကို မြန်မာလူမျိုးတိုင်း သိပြီး၊ အားကျမိကြမယ် လို့ထင်မိပါတယ်။ ဒါပေမယ့် နောက်ကွယ် မှာ အခက်အခဲ၊ ဒုက္ခမျိုးစုံကိုတော့ သိမယ်လို့မထင်မိပါ။

ဂျပန်ကိုလာချင်တဲ့လူများအတွက်အေးဂျင့်တွေနဲ့အဆက်အသွယ်လုပ်ပြီးဆောင်ရွက်ခ(မြန်မာငွေကျပ်သိန်း ၁၀၀နီးပါး)ပေးပြီးဂျပန်နိုင်ငံကို အလုပ်သင်(သို့) အလုပ်လုပ်ခွင့်ပါမစ်နဲ့လာကြပါတယ်။အဲဂျပန်ကိုရောက်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေး၊စက်ရုံ အစရှိတဲ့ လုပ်ငန်းအသီးသီး မှာ ဂျပန်လူမျိုးတွေမလုပ်ချင်တဲ့လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ကြပါတယ်။ လစာက အင်မတန်နည်းပြီး အလုပ်ကိုတော့ အဆမတန်ခိုင်းတော့တချို့လည်းထွက်ပြေးပြီး အိုဗာစတေးဘဝနဲ့ကျင်လည်နေကြရပါတယ်။အဲဒီလိုထွက်ပြေးသူတွေကို မြန်မာအေးဂျင့်တွေက မြန်မာနိုင်ငံမှာရှိတဲ့ မိဘတွေကို ပြဿနာရှာကြကြောင်း၊အခုအခါမှာတော့ မြန်မာအေးဂျင့်တွေက နိုင်ငံခြားထွက်အလုပ်လုပ်ချင်သူတွေကို (ငွေချေးငှားစာချုပ်)ကို လက်မှတ်ထိုးခိုင်းကြောင်း၊အကယ်၍ အလုပ်မှ ထွက်ပြေးပါက ထိုစာချုပ်ကိုပြ၍ မြန်မာနိုင်ငံရှိကျန်ရှိသော မိဘဆွေမျိုးများကို ပြဿနာရှာကြောင်းကို လည်းသိရှိရပါတယ်။

အခုပြောပြချင်တဲ့ လူငယ်လေးအကြောင်းကတော့ အလုပ်သင်ဗီဇာနဲ့ ဂျပန်နိုင်ငံကို လာရောက်သူဖြစ်ပါတယ်။သူဟာလစာငွေ ယန်း ၅သောင်း (အမေရိကန် ဒေါ်လာ ၅၀၀ခန့်)နဲ့ နယ်ဘက်မှာ အလုပ်လုပ် နေသူဖြစ်ပါတယ်။အဲဒီလိုအလုပ်လုပ်ကိုင်နေစဉ်အတွင်းမှာ လုပ်ငန်းပိုင်ရှင်က ကလေးရဲ့ နိုင်ငံကူးလက်မှတ်ကို သိမ်းယူထားပါတယ်။ နိုင်ငံကူးလက်မှတ်ဆိုတာ မိမိလက်ဝယ်မှာသာ သိမ်းဆည်းထားရတာဖြစ်ပါတယ်။ အလုပ်ရှင်ကသိမ်းဆည်းထားပိုင်ခွင့်မရှိပါ။ အလုပ်မှာ လူလိုသူလို မခိုင်းတော့ လူငယ်လေးဟာ တိုကျိုမြို့ပေါ်ကို ထွက်ပြေးလာခဲ့ပါတယ်။ အဲဒီလို ထွက်ပြေးလာတဲ့ အတွက် မြန်မာနိုင်ငံမှာရှိတဲ့ အေးဂျင့်က ကလေးရဲ့မိဘများဆီကိုသွားရောက်ပြီး ပြဿနာ ရှာပါတယ်။ ကလေးရဲ့မိဘများဆီကနေ လျော်ကြေးငွေ(ကျပ်သိန်း ၁၅၀ တောင်းဆိုကြောင်းလည်းကြားသိရပါတယ်။

*(၁၉၉၅ခုနှစ်ပါတ်ဝန်းကျင်လောက်က မြန်မာမိန်းခလေးများကို ဂျပန်နိုင်ငံသို့ လူမှောင်ခိုလုပ်သူရှိခဲ့ဘူးပါတယ်။ အဲဒီ အမျိုးသမီးငယ်များဟာဆိုရင် ဂျပန်နိုင်ငံမှာ ပြည့်တန်ဆာအဖြစ် ခိုင်းစားခြင်းကို ခံခဲ့ရကြောင်းကြားသိခဲ့ရဖူးပါတယ်။)*

ဒါကြောင့် နိုင်ငံခြားကို ထွက်ပြီးအလုပ်လုပ်တဲ့အခါ တွေ့ကြုံရမယ့် အခက်အခဲ၊ဒုက္ခမျိုးစုံကို မြန်မာနိုင်ငံမှာရှိတဲ့လူငယ်များနှင့် မိဘများကို သိစေချင်ပါတယ်။

မြန်မာပြည်သူပြည်သားများနှင့်တကွ တိုင်းပြည်ရဲ့ အနာဂါတ်လူငယ်များ ဘေးအန္တရယ်မှ လွတ်မြောက်နိုင်ကြပါစေ။ ငြိမ်းချမ်းကြပါစေ လို့ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

ဗမာပြည်သား၂၀၀၀